
မြနန်းရှင်
ကြုံရဆုံရပုဏ္ဏာကဘီလူး
နှင့်
ဆန်းကြယ်ဖြစ်ရပ်မှန်များ

## ပြုခဲ့သူထံ ပေးဆပ်ကလဲ့စား

"တန်.. တန် .. တန်"

ဖုန်းမြည်သံကြောင့် ဖုန်းခလုတ်ဖွင့်ကာ နားထောင်လိုက်သည် ။

"အစ်မ .. အဖေ အသည်းအသန် ဖြစ်လို့ လာနိုင်ရင် လာပေးပါ" နယ်မှ ကျွန်မဦးကြီး၏ သားက လှမ်းပြောခြင်း ဖြစ်သည် ။ ကျွန်မအား အကူအညီလိုအပ်၍ ခေါ်တန်ရာသည် ဟု ကျွန်မခရီးပြင်း နှင်သွားခဲ့ရသည် ။

ဦးကြီးကိုမြင်တာနှင့် ကျွန်မ အံ့အားသင့်သွားရသည် ။ ကြံ့ကြံ့ခိုင်ခိုင် ကျန်းမာရေး ကောင်းလှသည့် ဦးကြီးမှ ဟုတ်ပါလေစ ဟု တွေးယူမိသည် အထိပင်။

ကျွန်မ ရောက်ရှိပြီဆိုတာ ကြားတာနှင့် အမြင်အာရုံ မကောင်းသဖြင့် လက်ကမ်းပေးလာသည် ။ ကျွန်မ လက်ကို အမိအရ ဆုပ်ကိုင်ရင်း ရင်ဘတ်ပေါ်တင်ကာ ဝမ်းသာမှု၊ ဝမ်းနည်းမှုများ ရောယှက်ခံစား ရပုံရသည် ။ ပါးပြင်ပေါ် မျက်ရည်များ စီးကျလာသဖြင့် ကျွန်မက သုတ်ပေးရင်း ရပ်ခန္ဓာ၏ အစိုးမရသည့် တရားသဘောကို ပြောပြရသည် ။

ထိုတရားပြောဆိုသည့်ကြားမှ ...

"ဟိုမှာ .. ဟိုမှာ သူတို့ လာနေပြီ သွား .. သွား" ဗလုံးဗထွေး အော်သံ ၊ လက်ဝါးကာ၍ ကြောက်လန့်တကြား ဖြစ်လို့ နေပြန်သည် ။

"ဦးကြီး ဦးကြီး ကျွန်မခေါ်တာ ကြားလား" သတိပေးလေမှ "အင်း" ဟု ခေါင်းညိတ်ပြလာသည် ။

"ဒါဆို ကျွန်မ ဘုရားစာဆိုပေးမယ်၊ နားစိုက်ထောင် ပြီး ဘုရားကို အာရုံပြုနေနော်"

မကျန်းမာချိန်မှာ အနီးမှာ ပြုစုသူသည် အသိဉာဏ်ရှိ သူဖြစ်က ဘဝ ကူးကောင်းနိုင်ခွင့် ရှိနိုင်ပေသည် ။ ဦးကြီးသည် လက်အုပ်ချီကာ ငြိမ်၍ နားစိုက်ထောင် နေရှာပါသည် ။

ဩော်.. လူသတ္တဝါတိုင်း ခန္ဓာ၏ တောင်းဆိုမှုကို လိုက်ပါရသည် ဆို သော်လည်း ကံကျွေးဝဋ်ကျွေးအရ ပေးဆပ်ရခြင်းက ကြောက်စရာ ကောင်းလှပေသည် ။

"အဖေ့ကို ဝေဒနာရှာပြီး ဆီးသွေးရောဂါ အကုန်စစ်တယ်။ အဖြေရှာ မတွေ့ဘူး။ ဆရာဝန်တွေလည်း စဉ်းစားရခက်နေတယ်"

ဦးကြီးမှာ အစာမျိုတာနှင့် အစာနင်၊ အစာသီးတော့သည် ။ လေပွန် နဲ့ ဆိုင်သလား၊ စစ်တော့လည်း မဟုတ်ပြန်။ ဦးကြီး၏ ဖြစ်စဉ်မှာ ချော် လဲရာက ခါးနာသွားသည် ။ ဆေးလူး၊ ဆေးလိမ်းနှင့် သက်သာခဲ့ပြီးနော က် အစာစားတိုင်း မျိုမရဖြစ်ရင်း ခန္ဓာကိုယ် ဆူဆူဖြိုးဖြိုး ထောင်ထောင် မောင်းမောင်းမှာ လေလျှော့သည့် ဘောလုံးပမာ ကျုံ့ဝင်သေးငယ်သော ခန္ဓာအိမ်ဖြစ်လို့ နေသည် ။

ကျွန်မလည်း တတ်နိုင်စွမ်းသမျှ ရွတ်ဖတ်ပေး ပြုစုပေးနှင့် ကျွန်မ ဘု ရားရှိခိုး၊ ပုတီးစိပ် နေစဉ် မနောဓာတ်၊ အမြင်အာရုံမှာ ဇရာမ မြွေကြီး

တစ်ကောင် သစ်ပင်ပေါ်မှ ဆင်းလာသည် ။

ပြီး ကျွန်မအား သေသေချာချာ ကြည့်ကာ လူကဲ့သို့ စကားပြောပုံမှာ စိတ်ဆိုး ဒေါသထွက်နေပုံ ရသည် ။

"ငါတို့ အပေါ် သူ ရက်ရက်စက်စက် လည်ပင်းပြတ်အောင် သတ်ခဲ့တဲ့ အတွက် သူပေးဆပ်ရမှာ ပဲလို့ ပြောလိုက်"

ဤသို့ ပြောပြီး ပျောက်ကွယ်သွားသည် ။ ကျွန်မလည်း ဦးကြီးအား နံနက်ခင်း အာဟာရဝင်အောင် ကြိုးစားတိုက်ကျွေး၊ သန့်ရှင်းမှု ပြုပေးပြီးသောအခါ...

"ဦးကြီး အရင်တုန်းက မြွေအကောင်ကြီးကြီးများ သတ်ခဲ့လား"

"အေး" အတန်ကြာ စဉ်းစားရင်း..

၁၉၆၄ -၆၅ ခုနှစ်လောက်က ရှမ်းပြည် ရွှေညောင်၊ အောင်သပြေ စခန်း။ BEME လျှပ်စစ်တပ်၊ အမှတ် ၂၅၂ မှာ ဖြစ်သည် ။ အောက်ဂိတ်အနီး လိုင်းခန်းများမှာ နေရစဉ်။ အားလုံး စုပေါင်း၍ ရေသုံးစွဲရသော ရေဘုံပိုင် အနီးတွင် ပိန္နဲပင်ကြီး ရှိပါတယ်။ လိုင်းခန်း နေသူများ ရေခပ်အများ ဆုံး အချိန် ရေဘုံပိုင်ဘက် ထိုးထွက်နေသော ပိန္နဲကိုင်းပေါ်မှ တရွေ့ရွေ့ လျောဆင်းလာသည့် မြွေကြီးတစ်ကောင် ...

"အား အမလေး လုပ်ကြပါဦး မြွေ မြွေ"

"မြွေကြီးက အကြီးကြီးပဲ"

"ပြေးကြဟေ့"

"ဟဲ့ လိုင်းခန်းထဲ ဝင်လာရင် ဒုက္ခ"

ထိုသို့ ဆူညံပွက်လောရိုက် နေချိန်မှာ ဦးကြီးမှ ဂျူတီက အထွက်နှင့်

ကြုံရကာ အသင့်ပါလာသော သေနတ်ဖြင့် "ဖောင်း" ခနဲ တစ်ချက်တည်း ပစ်ချလိုက်သည် ။ "ဘုတ်"ခနဲ သွေးများ ပန်းထွက်ကာ မြွေ၏ ဦးခေါင်းပြတ်ကြီး မြေပေါ်သို့ ပြုတ်ကျလာသည် ။ မြွေခန္ဓာကိုယ် သွေးများ ပန်းထွက်လျက် အလိမ်လိုက်က သစ်ကိုင်းမှာ ချိတ်လျက်သား

"မြွေက ယောက်ျားလက်မောင်းလုံး လောက်ရှိတယ်။ အရှည်က ငါး ပေကျော်တယ်။ ဘာပြုလို့ ဦးကြီးကို မြွေအကြောင်း မေးတာလဲ"

"သြော်... မြွေနဲ့ ပတ်သက်တာရှိရင် ကုသိုလ်ပြုပေးဖို့ ပါ ဦးကြီးရယ် "

သို့သော် ကျွန်မ ဦးကြီး၏ ကံကြွေး၊ ဝဋ်ကြွေးအား မကယ်နိုင်ခဲ့ပါ။ ဘုရားရှင်သော်မှ ဝိဘက်တော် ၁၂ ပါး၊ ပေးဆပ်ခဲ့ရသေးတာ။ သာမန် ပုထုဇဉ် လူသားများ အဖို့ ကမ္မဝဋ် ကိလေသဝဋ်၊ ဝိပါကဝဋ် ကြွေးများ အ ရိပ်ပမာ လိုက်ပါမြဲမို့။

လောကတစ်ခွင်၊ အသက်ရှင်စဉ် အကုသိုလ်အကြောင်း တရားများ ကင်းနိုင်သမျှ ကင်းဝေးအောင် နေထိုင်နိုင်မှ တော်ကာကျမည်ဟု သံဝေ ဂတွေး၊ တွေးမိပါသည် ။

***